# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

February 5 , 2025 Volume 87 , Number 3


၅.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၅.၂၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၃၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၂၅.၉၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၆.၃၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၀၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၅.၃၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၄၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ယခုဆောင်းသီးနှံစိုက်ပျိုး ရာသီတွင် ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးထားသည့် ဖူးစားပြောင်း ၂၀၀၈ ဧက ရိတ်သိမ်းပြီးဖြစ်



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသည့် ဖူးစားပြောင်း ၂၀၀၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုဆောင်းသီးနှံစိုက် ပျိုးရာသီတွင် ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဖူးစားပြောင်း ၂၇၂၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဒေသခံတောင်သူများ စိုက်ပျိုးခဲ့သောဖူးစားပြောင်းစိုက်ခင်းများကို ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာလက်ရှိအချိန်ထိဖူးစားပြောင်း ၂၀၀၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ဖူးစားပြောင်း ၂၇၂၄ ဧက စိုက်ပျိုး ထားပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးချိန်မှာ အထွက်နှုန်းတိုးတက်အောင် စိုက်နည်းစနစ်မှန်ကန်စေရေး၊ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး စတဲ့စိုက်ပျိုးရေးဆိုင်ရာ တောင်သူအသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိမှာ တောင်သူတွေက သီးနှံဝင်ငွေတိုးပွားရေး အားထား စိုက်ပျိုးခဲ့တဲ့ ဖူးစားပြောင်းစိုက်ခင်းတွေကို ရိတ်သိမ်းနေပြီး ဖူးစားပြောင်း ၂၀၀၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧက ပြောင်းဖူး ၁၄,၉၈၀ ထွက်ရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ဖူးစားပြောင်းစိုက်ပျိုးတောင်သူများကို ပန်းတိုင်အထွက်နှုန်းထွက်ရှိအောင် စိုက်နည်းစနစ်မှန်ကန်စေရေး၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင် အချိန်မီရိတ်သိမ်းခြွေလှေ့နိုင်ရေး နည်းပညာများပံ့ပိုးကူညီပေးခြင်း

စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဖူးစားပြောင်းကို စိုက်ဧကများ ပိုမိုတိုးချဲ့စိုက်ပျိုးပြီး အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးမည်ဆိုပါက ဒေသတွင်းစားရေရိက္ခာဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ကြောင်း၊ထို့ပြင် နိုင်ငံတော်အစိုးရက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး တခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်လျက်ရှိရာ တောင်သူများအနေဖြင့် ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

Source : https://myawady.net.mm/

## ရန်ကုန်တိုင်းဒေသကြီးတွင် သုံးကြိမ်မြောက် ဆေးဝါးများ ရောင်းချပေး




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းက ဦးဆောင်၍ ရန်ကုန်မြို့တွင် သုံးကြိမ်မြောက် ဆေးဝါးများ ရောင်းချခြင်း အစီအစဉ်ကို ဖေဖော်ဝါရီလ ၃ ရက်တွင် စတင်ရောင်းချပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး၊ကုန်သည်လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဆောက်အဦတွင် ဖေဖော်ဝါရီလ ၃ ရက်မှ စတင်ပြီး ဖေဖော်ဝါရီလ ၇ ရက်ထိ နံနက် ၉ နာရီမှစတင်ကာ ဆေးကုမ္ပဏီများက အများပြည်သူထံ ဆေးဝါးများတိုက်ရိုက်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆေးအရောင်းပွဲတော်တွင် ဆေးကုမ္ပဏီ ၆၁ ခုမှ ပြင်ပတွင်ဝယ်ယူရခက်ခဲသည့်ဆေးဝါးများကို ရောင်းချပေး လျက်ရှိပြီး ဆေးဝါးမှားယွင်းဝယ်ယူမိခြင်းမရှိစေရန်နှင့် အာနိသင်ရှိသော အလားတူ ဆေးဝါးများကို စိတ်ချစွာဝယ်ယူနိုင်ရန်အတွက် ဆွေးနွေးတိုင်ပင်၊ လမ်းညွှန်မှုပြုပေးနိုင်ရန်ဆရာဝန်နှင့်ဆေးဝါးနားလည်ကျွမ်းကျင်သူများထားရှိ၍ ဝန်ဆောင်မှုပေးထားကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးတွင်လည်း အရောင်းစင်တာများ ထပ်မံဖွင့်လှစ်၍ ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ တိုက်ရိုက်ဆေးဝါးရောင်းချခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Source : https://www.popularmyanmar.com/

## မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ကြက်သွန်နီ(ဥစိုက်) များ လှိုင်လှိုင်ထွက်ပေါ်၍ ဈေးကောင်းရရှိ

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိကျေးရွာများတွင်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီးသီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်နီ သီးနှံကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဥစိုက်နှင့် ပင်စိုက်ဟူ၍ စိုက်ပျိုးကြပြီး ကျေးရွာတစ်ရွာတွင် ကြက်သွန်နီ(ဥစိုက်)ဧက ၁၀၀ ခန့် စိုက်ပျိုးထားရှိရာ ယခုအချိန်တွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။



ကြက်သွန်နီကို စက်တင်ဘာလနှင့်နိုဝင်ဘာလတွင်စိုက်ပျိုးကြပြီး ဇန်နဝါရီလတွင်တူးဖော်ရကြောင်း၊မျိုးအနေဖြင့် ဇော်မွှားမျိုးနှင့် ကြမ်းကျွဲမျိုးများဖြစ်ပြီး ဇော်မွှားမျိုးများကိုအများဆုံး စိုက်ပျိုးကြကြောင်း၊ ကြက်သွန်နီကိုပေါင်ခတ်၍ မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ တစ်ဧက စိုက်ပျိုးမှုအတွက် အရွယ်အစားအပေါ် မူတည်၍ မျိုးဥပိဿာချိန် ၃၅၀-၄၅၀ ခန့်နှင့်

မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ မြေပြုပြင်ထွန်ယက်ခအပါအဝင် စုစုပေါင်းငွေကျပ် ၃၂ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်း အနေဖြင့် တစ်ကေလျှင် ပိဿာချိန် ၂၃၀၀–၂၈၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် မကွေးမြို့၊ တောင်တွင်းကြီးမြို့၊ ပြည်မြို့နှင့် ရန်ကုန်(ဘုရင့်နောင်ပွဲရုံ)သို့ တင်ပို့ကြောင်း၊ ယခုနှစ်တွင် ကြက်သွန်နီအထွက်နှုန်း၊ အနည်းငယ်လျော့နည်းသော်လည်း ဈေးကောင်းရရှိသောကြောင့် တောင်သူများ အဆင်ပြေလျက် ရှိကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ငှက်ပျောသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သင်ပျို့ရွာ၊ သာဂရရွာ နှင့် သံချက်ကုန်းရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး ငှက်ပျောသီးနှံများကို စိုက်ပျိုးလျက်ရှိရာ ကျောက်ဆည်မြို့နယ်တွင် ၁၂၈၂ ဧက စိုက်ပျိုးထားရှိကြောင်း သိရသည်။

ငှက်ပျောသီးနှံကို တစ်နှစ်ပတ်လုံးစိုက်ပျိုးပြီး ၁၀ လခန့်အကြာတွင် ငှက်ပျောသီးနှံများကို စတင်ခုတ်ယူရောင်းချနိုင်ကြောင်း၊ ဖီးကြမ်းငှက်ပျောမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၁၅ သိန်းခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ကေလျှင် ငှက်ပျောခိုင် အခိုင် ၈၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက ငှက်ပျောခြံအရောက် လာရောက်ဝယ်ယူကြပြီး ထိုမှတစ်ဆင့် ကျောက်ဆည်ဒေသတွင်းနှင့် မန္တလေးမြို့သို့တင်ပို့ရောင်းချကြောင်း၊ငှက်ပျောသီးနှံကိုတစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်ပြီး ယခုအချိန်တွင် ငှက်ပျောသီးများ ထွက်ပေါ်ခြင်း မရှိသေးသော်လည်း ငှက်ပျောစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ငှက်ပျောသီးထွက်ပေါ်ချိန်တွင် ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း တောင်သူတစ်ဦးထံက သိရသည်။

**Source: ကြေးမုံသတင်းစာ**

## တနင်္သာရီနှင့်ကော့သောင်းမြို့နယ်များမှ ဆီအုန်းစိုက်ခင်းများကို ပုဂ္ဂလိကသို့ငှားရမ်းမည်



ဆီအုန်းအများဆုံး စိုက်ပျိုးသည့် တနင်္သာရီနှင့်ကော့သောင်းမြို့နယ်များမှ ဆီအုန်း ၄၇၅၄ ဧကအား ပုဂ္ဂလိကသို့ ငှားရမ်းသွားမည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် တင်ဒါခေါ်ယူထားသည်။

ငှားရမ်းသွားမည့် ဧကသည် တနင်္သာရီမြို့နယ်၌ ဆီအုန်းပင်အိုဧရိယာ ဧက၂၀၀၀ နှင့် ကော့သောင်းမြို့နယ်၌ ဆီအုန်းပင်အိုဧရိယာ ၂၇၅၄ ဧက စုစုပေါင်း ၄၇၅၄ ဧက ဖြစ်သည်။

အဆိုပါ ဆီအုန်းစိုက်ပျိုးထုတ်လုပ်သည့်လုပ်ငန်းကို စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့်တင်ဒါပုံစံကို ဖေဖော်ဝါရီ ၃ ရက်မှ ၁၄ ရက်အတွင်း နေပြည်တော်ရှိ စိုက်ပျိုးရေးဦးစီးဌာနတွင် ရောင်းချပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ဆီအုန်းစိုက်ဧက ၄ သိန်းကျော် ရှိကာ အရွယ်ရောက်ပြီး ဆီအုန်းစိုက်ခင်း တစ်ကေလျှင် ပျမ်းမျှ ဆီသီးခိုင် ၄ တန်ခန့်ရရှိပြီး ဆီသီးခိုင်တစ်တန်မှ ဆီကြမ်း သုည ဒသမ ၂၂ တန်ထွက်ရှိသဖြင့် စိုက်ဧက ၄ သိန်း အပြည့်သီးခိုင် ထုတ်ယူနိုင်ပါက ဆီကြမ်းတန်ချိန် ၃၅၀,၀၀၀ ကျော် ထုတ်လုပ်နိုင်မည်ဖြစ်၍ ပြည်တွင်းစားအုန်းဆီလိုအပ်ချက်ကို ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source :** https://www.popularmyanmar.com/

## ဈေးနှုန်းကျဆင်းလာ၍ ဝယ်လိုအား များလာသော ပြည်ခရမ်းချဉ်သီးဈေးကွက်



ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့နယ်တွင် ခရမ်းချဉ်သီးများလှိုင်လှိုင် ပေါ်များလာ၍ ဈေးနှုန်းများကျဆင်းလာကာ စားသုံးသူပြည်သူများ ဝယ်လိုအားများပြားလာကြောင်း သိရသည်။

ပြည်မြို့ မြို့မစည်ပင်သာယာဈေးကြီးနှင့် အခြားဈေးများတွင် မော်ဇာ၊ ပုတီးကုန်း၊ အင်းမမြို့နှင့် အခြားကျေးရွာများ၊ပြည်မြို့အနီးတစ်ဝိုက်ရှိ တစ်ပိုင်တစ်နိုင် စိုက်ပျိုးသော ခရမ်းချဉ်သီးစိုက်တောင်သူများမှ တိုက်ရိုက်လာရောက်ရောင်းချသလို ကုန်စိမ်းဒိုင်များမှတစ်ဆင့် ပြန်လည်ရောင်းချကြသည်။

ဇန်နဝါရီလ ပထမပတ်စတင်၍ ဈေးနှုန်းများတဖြည်းဖြည်း ကျဆင်းလာကာ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ကိုင်းခရမ်းချဉ်သီး (တောသီး) နှင့် ထိုင်ဝမ်ခရမ်းချဉ်သီး(ရှမ်းသီး)များ ဈေးနှုန်းပြန်လည်ကျဆင်းလာသောကြောင့် ဝယ်လိုအားများပြီး အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ယခင်လက ကိုင်းခရမ်းချဉ်သီး (တောသီး) တစ်ပိဿာလျှင် ကျပ် ၈၀၀၀ကျပ်၊ ထိုင်ဝမ်ခရမ်းချဉ်သီး (ရှမ်းသီး) တစ်ပိဿာလျှင် ကျပ် ၅၀၀၀ ရှိသော်လည်း ဇန်နဝါရီလ ဒုတိယပတ်တွင် တစ်ပိဿာလျှင် ကျပ် ၃၀၀၀ နှင့် ထိုင်ဝမ်ခရမ်းချဉ်သီး (ရှမ်းသီး) တစ်ပိဿာလျှင် ကျပ် ၁၅၀၀ ထိ ဈေးနှုန်းများကျဆင်းလာသောကြောင့် ဝယ်လိုအားများလာပြီး အရောင်းအဝယ်ပိုမိုဖြစ်လာကြောင်း သိရသည်။

**Source : DOCA(ပဲခူး)**

https://www.doca.gov.mm/

## တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် နယူးဇီလန် နို့ထွက်ပစ္စည်းတင်ပို့မှုနှင့်ဝယ်လိုအားများ မြင့်တက်လာ



တရုတ်နှစ်သစ်ကူးပွဲတော်တွင် မုန့်ဖုတ်ဆိုင်များ၊ ပီဇာဆိုင်များနှင့် အခြားအစားအစာ လက်လီရောင်းချသူအများအပြားတို့သည် နို့ထွက်ပစ္စည်းများအား သိုလှောင်ထားသောကြောင့် နယူးဇီလန်နို့ထွက်ပစ္စည်းများအတွက်ဝယ်လိုအားကိုတွန်းအားပေးလျက် ရှိသည်။

တရုတ်နိုင်ငံရှိ စားသောက်ကုန်ဝန်ဆောင်မှုပါဝင်ပစ္စည်းများ ဝယ်လိုအားသည် ဤကာလအတွင်း အားကောင်းခဲ့ပြီး တရုတ်နိုင်ငံတွင် Fonterra ၏ စားသောက်ကုန်ဝန်ဆောင်မှုရောင်းချမှုသည် လျင်မြန်စွာ ဆက်လက်ကြီးထွားလာရန် မျှော်လင့်ထားကြောင်း Dai က ပြောကြားပြီး ကမ္ဘာ့နို့ထွက်ပစ္စည်းဈေးနှုန်းများသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစပြီး ၅ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့ကြောင်း Dai က ပြောကြားခဲ့သည်။

နယူးဇီလန် နို့ထွက်ပစ္စည်း ကုမ္ပဏီကြီး Fonterra ၏ ဒုတိယ ဥက္ကဌ Justin Dai က ဇန်နဝါရီ ၂၈ ရက်နေ့က ပြောကြားခဲ့သည်။

ဥပမာအားဖြင့် စတော်ဘယ်ရီကိတ်မုန့်ကဲ့သို့သောမုန့်များတွင်နို့ထွက်ပစ္စည်းအသုံးချမှုများကြောင်း၊အနီရောင်အပြင်အဆင် အစားအစာကိုနှစ်သက်ကြသောကြောင့်အနီရောင်သည် စည်းစိမ်ချမ်းသာနှင့်ကံကောင်းခြင်းများနှင့်ဆက်နွှယ်နေကြောင်း Dai ကပြောသည်။

တရုတ်နိုင်ငံ အစားအသောက်ဝန်ဆောင်မှုလုပ်ငန်း၏ အဓိကအစိတ်အပိုင်းဖြစ်သည့် နှစ်သစ်အတွက် ဟင်းပွဲအသစ်များနှင့် အရသာရှိသောဟင်းပွဲများကို စားသောက်ဆိုင်များ တီထွင်ထုတ်လုပ်ခြင်းကြောင့် ဝယ်လိုအားတိုးလာရခြင်းဖြစ်ကြောင်း သိရသည်။

**Source : Xinhua**

https://www.doca.gov.mm/

## ထိုင်းနိုင်ငံ ကျောက်မျက်ပြပွဲမှဝင်ငွေ ဘတ် ၃ ဒသမ ၅ ဘီလီယံရရှိနိုင်မည်ဟု ကျောက်မျက်ပွဲစီစဉ်သူများက ခန့်မှန်းထား

ထိုင်းနိုင်ငံ ၊ ဗန်ကောက်မြို့တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ၂၆ ရက်နေ့ထိ ကျင်းပ မည့် ၇၁ ကြိမ်မြောက် ဗန်ကောက် ကျောက်မျက်နှင့် လက်ဝတ်ရတနာပြပွဲမှ ကုန်သွယ်မှုတွင် ဘတ် ၃ ဒသမ ၅ ဘီလီယံပါဝင်နိုင်မည်ဟု ကျောက်မျက်ပွဲစီစဉ်သူများဖြစ်သော အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာအင်စတီကျူတို့က ခန့်မှန်းထားကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ ကျောက်မျက်နှင့်လက်ဝတ်ရတနာကဏ္ဍသည် နိုင်ငံ၏အခိုင်မာဆုံးသော စီးပွားရေးမဏ္ဍိုင်များထဲမှ တစ်ခုဖြစ်နေသေးပါကြောင်း၊ ကမ္ဘာ့စိန်ခေါ်မှုများ ရှိနေသော်လည်း စဉ်ဆက်မပြတ် တိုးတက်နေပါကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ကျောက်မျက်နှင့် လက်ဝတ်ရတနာပို့ကုန်တန်ဖိုး သည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၆ ဘီလီယံရှိခဲ့ပြီး ၁၀ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံသည် ငွေထည်လက်ဝတ်ရတနာတင်ပို့မှုတွင် ဒုတိယအကြီးဆုံးဖြစ်ပြီး ရောင်စုံကျောက်တင်ပို့မှုတွင် အဆင့် ၃ ဖြစ်ပါကြောင်း၊ Fura Gems and Gemfields သည် ထိုင်းနိုင်ငံကို ၎င်းတို့၏ ကျောက်များလေလံပွဲအတွက် အချက်အချာအဖြစ် အသုံးပြုပါကြောင်း၊ ဗန်ကောက်ကျောက်မျက်ပြပွဲသည် အာရှသက်တမ်းအကြီးဆုံးနှင့် ကမ္ဘာ့အဆင့် ၄ စက်မှုကုန်စည်ပြပွဲ တစ်ခုဖြစ်ပါကြောင်း ဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် Ms. Sunata Kangvalkulij က ပြောကြားခဲ့သည်။

ယခုနှစ်တွင် ပြခန်း ၁၀၀ ထပ်တိုးရန် ရည်မှန်းထားပြီး နိုင်ငံတွင်းနှင့် နိုင်ငံပြင်ပမှ ပြသသူ ၁,၁၀၀ လာရောက်မည်ဖြစ်ပြီး စုစုပေါင်း ပြခန်း ၂,၆၀၀ ရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှလာရောက်လည်ပတ်သူ ၄၀,၀၀၀ ဦးရေ ဝင်ရောက်မည်ဟု ခန့်မှန်းထားပါကြောင်း၊ ပြပွဲတွင် ဆွေးနွေးပွဲများနှင့်အတူ တော်ဝင်မင်းသမီး HRH Princess Sirivannavari Nariratana Rajakanya ကိုယ်တိုင်ဒီဇိုင်းရေးဆွဲ ထားသည့် ကျောက်မျက်ရတနာများကိုလည်း “Amour Eternel Haute Joaillerie” ခေါင်းစဉ်ဖြင့် အထူးပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Source: www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

https://myantrade.gov.mm/

## ဒေါ်လာ ၅၀ ဘီလီယံတန်ဖိုးရှိ ရုရှားကားဈေးကွက်တွင် တရုတ်နှင့်ရုရှားနိုင်ငံလုပ်ကားများက ထိပ်ဆုံးမှဦးဆောင်



အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုများရှိနေသော်လည်း ရုရှားပြည်သူများ၏ မော်တော်ကားဝယ်ယူမှုသည် ပြီးခဲ့သည့်နှစ်အတွင်း၌ ရူဘယ် ၄ ဒသမ ၉၁ ထရီလီ ယံ (ဒေါ်လာ ၅၀ ဒသမ ၁ ဘီလီယံ) အသုံးပြုခဲ့ပြီး နိုင်ငံအတွင်းရှိ ကားဈေးကွက်တွင်တရုတ်နှင့်ရုရှားလုပ်မော်တော်ကားများက ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိကြောင်း ကားဈေးကွက်လေ့လာရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Avtostat က ထုတ်ပြန်သည်။

ရုရှားနိုင်ငံ၏ မော်တော်ကားသစ်များအပေါ် ငွေကြေးအသုံးပြုမှုသည် ၂၀၂၃ ခုနှစ်က ပမာဏနှင့်နှိုင်းယှဉ်ပါက ၅၇ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်သည်။

ထို့ပြင် ရုရှားကားဈေးကွက်တွင် ဦးဆောင်နေသည့် တရုတ်နှင့် ရုရှားမော်တော်ကားများသည် ရုရှားနိုင်ငံအပေါ်ချမှတ်ထားသည့် ပိတ်ဆို့မှုများကြောင့် နိုင်ငံအတွင်းမှ ထွက်ခွာသွားသည့် အနောက်နိုင်ငံများနှင့် ဂျပန်ကားကုမ္ပဏီများ၏ နေရာတွင် အစားထိုးဝင် ရောက်လာခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ရုရှားနိုင်ငံ၌ မော်တော်ကားသစ်အစီးပေါင်း ၁ ဒသမ ၅၇ သန်းခန့်ရောင်းချနိုင်ခဲ့ပြီး ယင်းပမာဏသည် ငါးနှစ်အတွင်း အမြင့်ဆုံးအဆင့်သို့ရောက်ရှိလာခြင်းဖြစ်ကြောင်း Avtostat နှင့် Gazprombank Auto Leasing တို့က ပူးတွဲထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းရောင်းချနိုင်ခဲ့သည့် စာရင်းများအရ ယင်းလအတွင်း၌ တရုတ်နိုင်ငံထုတ်မော်တော်ကားများသည် ရုရှားနိုင်ငံတွင် ရောင်းချခဲ့သည့် မော်တော်ကား စုစုပေါင်းအနက် ၆၂ ရာခိုင်နှုန်းရှိပြီး ရုရှားထုတ်ကားများက ၁၇ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်ရပ်တည်နိုင်ခဲ့သည်။

ယင်းနောက်တွင် ဥရောပထုတ်ကားများက တတိယနှင့်ဂျပန်နိုင်ငံထုတ်မော်တော်ကားများက စတုတ္ထနေရာများ၌ အသီးသီးရပ်တည်ခဲ့သည်။

ရုရှားနိုင်ငံတွင် ပြီးခဲ့သည့်နှစ်ကရောင်းချခဲ့သည့် မော်တော်ကားများတွင် ဇိမ်ခံကားအမျိုးအစားပါဝင်မှုများမြင့်တက်လာကြောင်း Avtostat က ဆက်လက်ဖော်ပြသည်။

ရုရှားပြည်တွင်းဖြစ် ကားထုတ်လုပ်မှုတွင် Lada ကုမ္ပဏီထုတ်မော်တော်ကားများက ထိပ်ဆုံးမှရပ်တည်လျက်ရှိပြီး ၎င်းကုမ္ပဏီထုတ် Granta နှင့် Vesta ကားများမှာ လူကြိုက်များသည့် မော်ဒယ်များဖြစ်သည်။

Source : **RT**

https://myawady.net.mm/

## တရုတ်နိုင်ငံ၏ ကုန်သွယ်မှုအစီအစဉ်သည် နွေဦးပွဲတော် ဈေးဝယ်ရာသီကို မြှင့်တင်ပေးလျက်ရှိ

တရုတ်နိုင်ငံ၏ လူသုံးကုန်ပစ္စည်းများ ကုန်သွယ်မှုအစီအစဉ် trade-in program သည် ၂၀၂၅ ခုနှစ် နွေဦးပွဲတော်ဈေးဝယ်ရာသီတွင် အလွန်လူသိများလာခဲ့သည်။

မိုဘိုင်းလ်ဖုန်းများ၊ တက်ဘလက် (tablets) များနှင့် စမတ်နာရီများကို ကုန်သွယ်မှု ထောက်ပံ့ရေးအစီအစဉ် (trade-in subsidy program) တွင် သိသိသာသာတိုးချဲ့လုပ်ဆောင်ခဲ့ပြီးနောက် ဇန်နဝါရီလ ၂၀ ရက်နေ့မှစတင်၍ လေးရက်တာကာလအတွင်း အီလက်ထရွန်နစ်ပစ္စည်း ၁၀ ဒသမ ၇၉ သန်းအတွက် ထောက်ပံ့ကြေးလျှောက်လွှာများ လက်ခံရရှိခဲ့ကြောင်း တရုတ်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (MOC) မှ ထုတ်ပြန်ကြေညာခဲ့ သည်။

အဆိုပါအစီအစဉ်ကို ၂၀၂၄ ခုနှစ် မတ်လတွင် စတင်ခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် မော်တော်ယာဉ်များနှင့် အိမ်သုံးပစ္စည်းရောင်းဝယ်မှုသည် အစီးရေ ၃၄,၀၀၀ စီး နှင့် ပစ္စည်းအရေအတွက် ၁ ဒသမ ၀၄ သန်း အသီးသီးရှိခဲ့ကြောင်း သိရသည်။

နွေဦးပွဲတော် (သို့) တရုတ်နှစ်သစ်ကူးပွဲတော်သည် တရုတ်နိုင်ငံတွင် အရေးကြီးဆုံးအားလပ်ရက် တစ်ခုဖြစ်ပြီး မိသားစုပြန်လည်ဆုံဆည်းသည့် အချိန်အခါဖြစ်ပြီး ယခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ကျရောက်ပါသည်။

ကုန်သွယ်မှုအစီအစဉ်တွင် ခိုင်မာသောပါဝင်မှုသည် အားလပ်ရက်ဈေးကွက်အတွက် စားသုံးသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းမြှင့်တင်ပေးလျက်ရှိသည်။

တရုတ်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Sheng Qiuping က အဆိုပါ ကုန်သွယ်မှုအစီအစဉ်သည် ဈေးဝယ်ပရိုမိုးရှင်းပွဲများနှင့်အတူ နွေဦးပွဲတော်ကာလဈေးကွက်တွင် တိုးတက်လာသည့် ဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခင်နှစ်ကတည်းက "အပြန်အလှန်ကုန်သွယ်မှု" (trade-in) သည် တရုတ်နိုင်ငံ၏ စားသုံးသူဈေးကွက်တွင် လူသုံးများလာသည့် စကားလုံးတစ်ခုဖြစ်လာ၍ လက်လီရောင်းချမှုများသည် တည်ငြိမ်စွာ တိုးတက်လာခဲ့ပြီး စားသုံးသူများ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ဓာတ်ဆီသုံးကားများနှင့် လျှပ်စစ်ကားများ အပါအဝင် ကားအစီးရေ ၆ ဒသမ ၈ သန်းကျော်ကို ကုန်သွယ်မှုအစီအစဉ် ဖြင့် ဝယ်ယူရောင်းချနိုင်ခဲ့ပြီး ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နှင့် ကွန်ပျူတာများ ကဲ့သို့သော အိမ်သုံးလျှပ်စစ်ပစ္စည်း ၅၆ သန်းကျော်ကို ယင်းအစီအစဉ်အောက်တွင် ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် လျှပ်စစ်စက်ဘီးရောင်းအားသည်လည်း အစီးရေ ၁ ဒသမ ၃၈ သန်းကျော်အထိ ရှိလာခဲ့သည်။

ကုန်သွယ်မှုအစီအစဉ်တွင် အကျုံးဝင်သော ထုတ်ကုန်များ၏ စုစုပေါင်းရောင်းချမှု တန်ဖိုးသည် ယွမ် ၁ ဒသမ ၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၈၀ ဘီလီယံခန့်) ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဈေးကွက်၏ အားကောင်းမှုနှင့် ကြီးမားသော အလားအလာများကို ဖော်ထုတ်ပြသနိုင်ခဲ့သည်။

အထူးသဖြင့် စွမ်းအင်သစ်မော်တော်ယာဉ်များ (NEV) နှင့် စွမ်းအင်ချွေတာနိုင်သောစက်ပစ္စည်းများ (energy-efficient appliances)၊ စမတ်ထုတ်ကုန်များနှင့် eco-friendly ထုတ်ကုန်များ ဝယ်ယူမှုသည် သိသိသာသာ မြင့်တက်လာခဲ့သည်။

ကုန်သွယ်မှုအစီအစဉ် (trade-in program) သည် စားသုံးမှုအရှိန်ကို ပြန်လည်မြှင့်တင်ပေးနိုင်ခဲ့ ကြောင်း၊ ရေရှည်တည်တံ့သော စီးပွားရေးကို မြှင့်တင်ပေးလျက်ရှိပြီး စားသုံးသူများအတွက် လူနေမှုဘဝအရည်အသွေးကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း MOC မှ တာဝန်ရှိသူ Li Gang က ပြောကြားခဲ့သည်။

မကြာသေးမီနှစ်များအတွင်း စားသုံးသူအသုံးစရိတ် (consumer spending) သည် ပို၍အရေးပါသော စီးပွားရေးတွန်းအားတစ်ခုဖြစ်လာခဲ့သည်။

၂၀၂၄ ခုနှစ်တွင် နောက်ဆုံး စားသုံးမှုအသုံးစရိတ်သည် စီးပွားရေးတိုးတက်မှု၏ ၄၄ ဒသမ ၅ ရာခိုင်နှုန်းဖြစ်ပြီး GDP ကို ၂ ဒသမ ၂ ရာခိုင်နှုန်းဖြင့် မြှင့်တင်ပေးနိုင် ခဲ့သည်။

ယခုအခါ စားသုံးမှု (consumption) သည် စီးပွားရေးအခြေအနေကိုပုံဖော်ရာ၌ ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ပို့ကုန် များထက် ပိုမိုအရေးပါသော အခန်းကဏ္ဍ၌ ပါဝင်နေသည်။

တရုတ်နိုင်ငံရှိ စားသုံးမှုလမ်းကြောင်းသစ်များသည် ခရီးသွားလုပ်ငန်းတွင် ပြန်လည်ရှင်သန်လာခြင်းနှင့် ဒစ်ဂျစ်တယ်ဖျော်ဖြေရေး၊ အွန်လိုင်းပညာရေးနှင့် တိုက်ရိုက်ထုတ်လွှင့်မှု e-commerce တို့တွင် အရှိန်ဖြင့်တိုးတက်ခြင်းစသည်တို့ အပါအဝင် သိသာထင်ရှားသော အရှိန်အဟုန်ကို ဖော်ဆောင် ပေးလျက်ရှိသည်။

စွမ်းအင်သစ် မော်တော်ယာဉ်များ (NEV) နှင့် စွမ်းအင်ချွေတာနိုင်သော စက်ပစ္စည်းများကဲ့သို့သော အစိမ်းရောင်ထုတ်ကုန်များသည် တိုးတက်မှု နယ်ပယ်သစ်များအဖြစ် ထွက်ပေါ်လာခဲ့သည်။

၂၀၂၅ ခုနှစ်တွင် စားသုံးမှုကိုပံ့ပိုးပေးခြင်းသည် အစိုးရအတွက် ထိပ်တန်းဦးစားပေးတစ်ရပ်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သော Central Economic Work Conference ၌ တရုတ်နိုင်ငံ၏ မူဝါဒချမှတ်သူများအနေဖြင့် ၂၀၂၅ ခုနှစ်အတွက် စီးပွားရေးလုပ်ဆောင်ချက်များကို ဖော်ဆောင်ရာတွင် သုံးစွဲမှုကို မြှင့်တင်ရန်နှင့် ပြည်တွင်းဝယ်လိုအားကို နယ်ပယ်အားလုံး တွင် တိုးချဲ့သွားရန် လိုအပ်ကြောင်း အလေးပေးဖော်ပြခဲ့ကြသည်။

စားသုံးမှုကိုမြှင့်တင်နိုင်ရန် ဆက်လက်ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် တရုတ်နိုင်ငံသည် ကုန်သွယ်မှုအစီအစဉ် (trade-in program) ကို တိုးချဲ့ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

တရုတ်အစိုးရအနေဖြင့် စမတ်ဖုန်းများ၊ တက်ဘလက်များနှင့် စမတ်နာရီများ အပါအဝင် အရည်အသွေးပြည့်မီသော အိမ်သုံးပစ္စည်းအမျိုးအစား ၈ မျိုးမှ ၁၂ မျိုးအထိ တိုးမြှင့်ပေးခဲ့သည်။

အစီအစဉ်တွင် ခရီးသည်တင်ယာဉ်များကို ပိုမိုကျယ်ပြန့်စွာ ထည့်သွင်းဆောင်ရွက်ခဲ့သည်။

ယခုနှစ်အစီအစဉ်အတွက် ပထမအကြိမ် ရန်ပုံငွေခွဲဝေချထားမှုသည် ခန့်မှန်းခြေ ယွမ် ၈၁ ဘီလီယံခန့် ရှိသည်။

အစိုးရအနေဖြင့် ထောက်ပံ့ကြေးများကို စားသုံးသူများထံ လွယ်ကူလျင်မြန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း Sheng က ပြောကြားခဲ့သည်။

ဒေသဆိုင်ရာအာဏာပိုင်များအနေဖြင့်ကုန်သွယ်မှုအစီအစဉ်အတွက် အစီအမံများကို တက်ကြွစွာ လုပ်ဆောင်လျက်ရှိသည်။

ဥပမာအားဖြင့် ရှန်းတုံးပြည်နယ် (Shandong) သည် မော်တော်ကားနှင့်စက်ပစ္စည်းများ ရောင်းဝယ်ခြင်းအတွက် ကနဦးဆောင်ရွက်ပေးမှု ၁၀ ခု ကို စတင်ဆောင်ရွက်ပေးခဲ့သည်။

ကျန်းစုပြည်နယ် (Jiangsu) သည် စမတ်ဖုန်းများ၊ တက်ဘလက်များနှင့် Bluetooth နားကြပ်များ အတွက် ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ကွမ်ကျိုးပြည်နယ် (Guizhou) တွင် ထောက်ပံ့ကြေး လျှောက်ထားခြင်းလုပ်ငန်းစဉ်ကို ချောမွေ့စေရန်အတွက် အွန်လိုင်းပလက်ဖောင်းတစ်ခုကို တည်ထောင် ထားသည်။

ၾင်းကဲ့သို့သော ထောက်ပံ့ဆောင်ရွက်မှုများသည် တရုတ်စီးပွားရေးကို ခိုင်ခန့်သော အခြေခံအုတ် မြစ်များနှင့် ကြီးမားသော အလားအလာများ၏ ပံ့ပိုးမှုဖြင့် ခိုင်မာသော ခံနိုင်ရည်အား ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ယခုနှစ်တွင် စားသုံးသူအသုံးစရိတ်များ ဆက်လက်တိုးတက်လာမည် ဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ခဲ့ကြသည်။

**Source : စီးပွားရေးသံမှူး၊ တရုတ်နိုင်ငံ၊ ကူမင်းမြို့။** https://myantrade.gov.mm/

# STOCK EXCHANGE (5.2.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 5th Feb. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,441 (Shares) | 45,066,200 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +100 | +1.35% | 7,400 | 7,500 | 7,400 | 921 | 6,844,500 | 33,109,694 | 248,323 |
| MTSH | 00002 | 3,050 | +50 | +1.67% | 3,050 | 3,050 | 3,050 | 245 | 747,250 | 38,929,150 | 118,734 |
| MCB | 00003 | 8,200 | -100 | -1.20% | 8,200 | 8,200 | 8,200 | 10 | 82,000 | 10,400,986 | 85,288 |
| FPB | 00004 | 1,800 | +50 | +2.86% | 1,800 | 1,800 | 1,800 | 4 | 7,200 | 29,664,613 | 53,396 |
| TMH | 00005 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 6 | 19,200 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 645 | 1,056,750 | 19,977,223 | 32,962 |
| AMATA | 00007 | 3,850 | -50 | -1.28% | 3,800 | 3,850 | 3,700 | 1,178 | 4,470,100 | 10,497,598 | 40,416 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 432 | 1,339,200 | 23,804,946 | 73,795 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 5th Feb. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.91 | +2.74 | +0.75% | 365.11 | 367.91 | 365.11 | 3,441 | 14,566,200 | 8 | 693,948 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of ---

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 10:30 am, 6th Feb. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,070 (Shares) | 5,708,600 (MMK) |

| MYANPIX | 367.10 ▼ 0.81 |
|---|---|
| Total Volume (shares) | 2,070 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 692,425 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 0 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 3,200 | ▲ 0 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 3,800 | ▼ 50 |
| MAEX | 00008 | 3,100 | ▲ 0 |